ဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်း ဆောင်ရွက်ရမည်။

(ည) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းကို ကတိကဝတ်ပါဖော်ပြချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဋ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှု မရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည် –

(၁) ပြည်သူလူထုသို့ ရှင်းလင်းတင်ပြခြင်းနှင့် သဘောထား အမြင်၊ အကြံဉာဏ်များ ရယူခြင်းအတွက် လျာထားသည့် ကုန်ကျစရိတ်ကျပ်(၂၀၀,၀၀၀)သိန်း အသုံးပြုရန်၊

(၂) HSE အရာရှိ ငှားရမ်းခန့်ထားခြင်းအတွက် ကျပ်(၂,၄၀၀,၀၀၀)သိန်း အသုံးပြုရန်၊

(၃) ဘေးအန္တရာယ်ကင်းရှင်းရေး ပစ္စည်းကိရိယာများ ဝယ်ယူခြင်းအတွက် ကျပ် (၅၀၀,၀၀၀)သိန်း အသုံးပြုရန်၊

(၄) အသိဉာဏ်ဖလှယ်ခြင်း သင်တန်းအစီအစဉ်များ ကျင်းပခြင်းအတွက် ကျပ် (၅၀၀,၀၀၀)သိန်း အသုံးပြုရန်၊

(၅) လစဉ် စောင့်ကြည့်ကြပ်မတ်ခြင်း ကုန်ကျစရိတ်များ အတွက် ကျပ် (၈၀၀,၀၀၀) သိန်း အသုံးပြုရန်၊

(၆) အကြံပေးပညာရှင်များ ငှားရမ်းခြင်းအတွက် ကုန်ကျငွေကျပ်(၁,၀၀၀,၀၀၀) သိန်း အသုံးပြုရန်၊

(၇) အရေးပေါ်အခြေအနေအတွက် အရန်ထားရှိငွေ ကျပ်(၂,၅၄၀,၀၀၀) အသုံးပြုရန်။

(ဌ) **နစ်နာမှုများအတွက်တိုင်ကြားခြင်းဆိုင်ရာဖြေရှင်းပေးခြင်းအစီအစဉ်။** နစ်နာမှုများ အတွက် တိုင်ကြားခြင်းဆိုင်ရာ ဖြေရှင်းပေးခြင်းနှင့်စပ်လျဉ်း၍ ကတိကဝတ်ပါ ဖော်ပြချက်နှင့်အညီ ဆောင်ရွက်သွားရမည်။

(ဍ) **မြင်ကွင်းပသာဒဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းကြောင့် မြင်ကွင်းပသာဒ အပေါ် ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ အပင်များ ခုတ်ထွင်ရှင်းလင်းမှုကို လျှော့ချရန်၊ သစ်ပင်ကြီးများရှိနေလျှင် ချန်ထားရန်၊ ဖြစ်နိုင် လျှင် ရှင်းလင်းခံရသောအပင်များကို လျော်ကြေးပေးခြင်းများ ဆောင်ရွက်ရမည်။

